မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၂] ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက် (၂၀၂၂ ခုနှစ်၊ ဇွန်လ ၃ ရက်) } သောကြာနေ့ [အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃၇/၂၀၂၂)**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဆိုသည်။ "

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃၈/၂၀၂၂)

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေတွင်ပါရှိသော “တက္ကသိုလ်ကောင်စီ” ဆိုသည့် စကားရပ်ကို “ကော်မတီ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၂ တွင်–

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

“**ကော်မတီ** ဆိုသည်မှာ တက္ကသိုလ်၏ လုပ်ငန်းများကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်ကြီးကြပ်ရေးကော်မတီကို ဆိုသည်။”

(ခ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ဆိုသည်။”

၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၄ တွင်ပါရှိသော “ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်” ဆိုသည့် စကားရပ်ကို “ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်ဆောင်ပုဒ်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၆ တွင် အောက်ပါအတိုင်း အစားထိုးရမည်–

“၆။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်၊

(ခ) ပါတီနိုင်ငံရေးကင်းရှင်းပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊

(ဂ) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည် မြှင့်တင်ရန်၊

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရန် ရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ် မွေးမြူပေးရန်၊

(င) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည်ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသောဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များ ဖြစ်လာစေရန်။"

၆။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၇ တွင် -

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "ဖွံ့ဖြိုးရေး" ဆိုသည့် စကားရပ်ကို "ဖွံ့ဖြိုးတိုးတက်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပညာရှင်ဝန်ထမ်းကောင်းများ တိုးပွားအောင် ပြုစုပျိုးထောင်ပေးရန်။"

(ဂ) ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ပညာတိုးပွားရေး" ဆိုသည့် စကားရပ်ကို "တီထွင်ဆန်းသစ်မှုများ တိုးပွားရေး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (စ) တွင်ပါရှိသော "နေရေးထိုင်ရေး" ဆိုသည့် စကားရပ်ကို "စနစ်ကျနစွာ နေထိုင်နိုင်ရေး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (ဆ) တွင်ပါရှိသော "ကျောင်းခန်းပြင်ပ ပညာရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "ကျောင်းပြင်ပ ပညာရေးလုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) တက္ကသိုလ်ကြီးကြပ်ရေးကော်မတီကို ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနနှင့်ဆက်စပ်သော ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် သင့်လျော်သော တိုင်းရင်းသားများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းပေးရမည်။

(ခ) အဖွဲ့ဝင်များထဲမှ သင့်လျော်သောပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့အဖြစ် တစ်ပါတည်း သတ်မှတ်ပေးနိုင်သည်။

(ဂ) လိုအပ်ပါက တက္ကသိုလ်ကြီးကြပ်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၈။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၉ နှင့် ၁၉ တို့ကို ပယ်ဖျက်ရမည်။

၉။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (င)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၅ တို့တွင်ပါရှိသော "ဆရာ" ဆိုသည့် စကားရပ်ကို "ဆရာ ဆရာမ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၁၀ တွင်–

(က) ပုဒ်မခွဲ (ခ) တွင်ပါရှိသော "မည်သို့သောဘွဲ့" ဆိုသည့် စကားရပ်ကို "မည်သည့်ဘွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဠ) ၏ နောက်တွင် ပုဒ်မခွဲ (ဥ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဥ) သင်တန်းသားရွေးချယ်ခြင်းအတွက် သင်တန်းသားရွေးချယ်ရေးကော်မတီကို လိုအပ်သလို ဖွဲ့စည်းနိုင်ခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်ခြင်း။"

၁၁။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ဖွံ့ဖြိုးရေး" ဆိုသည့် စကားရပ်ကို "ဖွံ့ဖြိုးတိုးတက်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၇။ တက္ကသိုလ်သည် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ဦးစီးဌာန၏ စိစစ်ခွင့်ပြုချက်နှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။"

၁၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၂၁ တွင်ပါရှိသော "ဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အစိုးရအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများနှင့်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၂၂ တွင်ပါရှိသော "ဤဥပဒေအရ ဖွဲ့စည်းသည့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တက္ကသိုလ်ကြီးကြပ်ရေးကော်မတီနှင့် တက္ကသိုလ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၃၉/၂၀၂၂)**

**ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဥပဒေရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ကို ဆိုသည်။"

၃။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၄၊ ၉၊ ၁၅၊ ၁၆ နှင့် ၂၀ တို့တွင်ပါရှိသော "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄ နှင့် ၅ တို့တွင်ပါရှိသော "ပြည်ထောင်စုရှေ့နေချုပ်" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ (က) ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု အမိန့်ဖြင့် ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသော ဘာသာပြန်ဆိုချက်ပါ ဖော်ပြချက်တစ်ရပ်သည် မူလစာမူနှင့်ကွဲလွဲပါက အဆိုပါဖော်ပြချက်တစ်ရပ်နှင့်စပ်လျဉ်း၍ မူလစာမူ အတည်ဖြစ်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄၀/၂၀၂၂)**

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းရာတွင် -

(က) သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ အနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်-

(၁) အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။

(ခ) သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အငြိမ်းစားမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၀ ဦးကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဂ) သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ အနက်မှ ၁၅ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်-

(၁) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များ၊

(၂) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။"

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) နာယကအဖွဲ့သည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးသည့်ရက်မှရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီး ဌာန၏ ခွင့်ပြုချက်ဖြင့် ကောင်စီအသစ်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းစေရမည်။"

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဆ) လက်ရှိကောင်စီသည် ကောင်စီအသစ် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာ မဥ္ဇူမင်း<br>ဒုတိယပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) | ဦးခင်မောင်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးထိန်လင်း ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဈ) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည့် အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းများ အနက် အသံလွှင့်လုပ်ငန်းကို မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းနှင့် မီဒီယာလုပ်ငန်း (မြဝတီ) အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းနှင့် မီဒီယာလုပ်ငန်း (မြဝတီ) သည် FM Radio စနစ်ဖြင့် အစီအစဉ်ထုတ်လွှင့်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ရမည်။

၄။ ပြန်ကြားရေးဝန်ကြီးဌာနအား အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ် ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးထင်လင်း (တ/၃၄၂၀) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) များအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးစည်သူနိုင် တ/၃၇၂၃ | (မြို့နယ်တရားသူကြီးတာဝန်) အင်ဂျန်းယန် ကချင်ပြည်နယ် |
| ၂။ | ဦးသီဟနိုင် တ/၃၇၅၇ | (မြို့နယ်တရားသူကြီးတာဝန်) ဘောလခဲ ကယားပြည်နယ် |
| ၃။ | ဦးအောင်သူဟိန်း တ/၃၇၆၁ | (မြို့နယ်တရားသူကြီးတာဝန်) ပူတာအို ကချင်ပြည်နယ် |
| ၄။ | ဦးရဲရင့်နိုင် တ/၃၇၇၅ | (မြို့နယ်တရားသူကြီးတာဝန်) မချမ်းဘော ကချင်ပြည်နယ် |

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၅။ | ဦးအောင်မင်းဖြိုး တ/၃၇၉၃ | (မြို့နယ်တရားသူကြီးတာဝန်) ဆွမ်ပရာဘွမ် ကချင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ လားရှိုးမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးဇင်ဖြိုး (တ/၃၄၂၄) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၇၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ရွှေဘိုမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးသက်ပိုင်မှူး (တ/၃၄၇၇) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်)

**တင်ဒါကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အဆောက်အအုံဆောက်လုပ်ခြင်း၊ ရုံးလုပ်ငန်းသုံး စက်နှင့် စက်ပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူခြင်းလုပ်ငန်းများတွင် စံချိန်စံညွှန်း အရည်အသွေးပြည့်မီပြီး လိုအပ်မှုနှင့် ကိုက်ညီစေရေးအတွက် **နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)** နှင့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂)** တို့နှင့်အညီ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

(၁) တင်ဒါကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးအောင်စောဝင်း | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (ခခ) | ဦးစိုင်းကျော်သူ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရွေးကောက်ပွဲခုံရုံးဆိုင်ရာ | အဖွဲ့ဝင် |
| (ဂဂ) | ဦးကျော်ကျော်စိုး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရွေးကောက်ပွဲဆိုင်ရာ | အဖွဲ့ဝင် |
| (ဃဃ) | ဦးသိန်းဦး | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် မှတ်တမ်းဌာန | အဖွဲ့ဝင် |
| (ငင) | ဦးသန့်ဇင်အောင် | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (စစ) | ဦးအောင်မျိုးလွင် | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဦးမြတ်ထွန်းဦး | ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ | အဖွဲ့ဝင် |
| (ဇဇ) | ဦးအောင်မျိုးသန့် | ညွှန်ကြားရေးမှူး<br>စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဒေါ်စန္ဒာဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| (ညည) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (ဋဋ) | ဦးတင်မောင်လတ် | ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံး | အဖွဲ့ဝင် |
| (ဌဌ) | ဦးရဲရင့်လွင် | ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

(၂) တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ကျပ် ၂၀ သန်းအောက် ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ တင်ဒါကော်မတီအနေဖြင့် ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခု ထံမှ ဈေးနှုန်းအဆိုပြုလွှာ တောင်းခံဆောင်ရွက်ခြင်း၊

(ခခ) ကျပ် ၂၀ သန်းမှ ကျပ် ၂၀၀ သန်းအထိ ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေး မှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂဂ) ကျပ် ၂၀၀ သန်းအထက် ဝယ်ယူခြင်းများအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား ကို ရှင်းလင်းစွာ ဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် အနည်းဆုံး (၁၄) ရက် ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ကော်မရှင်ရုံး Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃဃ) ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေး မဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ငင) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(စစ) ဝယ်ယူမည့် ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဆဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်း များနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ဇဇ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန် ပေးအပ်ခြင်း၊

(ဈဈ) ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများသတ်မှတ်ခြင်း၊

(ညည) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့် နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဋဋ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေ ခွင့်ပြုချက် ရှိမရှိ စိစစ်ခြင်း၊ ဝယ်ယူရေးအစီအစဉ် ရေးဆွဲအတည်ပြုချက်ရယူခြင်း၊

(ဌဌ) တစ်ဦးချင်းအကြံပေးများ ရွေးချယ်ခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဍဍ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဎဎ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ဏဏ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံ နိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း။

( ခ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးအောင်မျိုးသန့် | ညွှန်ကြားရေးမှူး<br>စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန | ဥက္ကဋ္ဌ |
| ( ခ ခ ) | ဒေါ်စန္ဒာဝင်းရွှေ | ဒုတိယညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| ( ဂ ဂ ) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ဦးရဲမျိုးဦး | ဒုတိယညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ | အဖွဲ့ဝင် |
| ( င င ) | ဦးခင်မောင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး<br>ထောက်ပံ့ဌာနစု | အဖွဲ့ဝင် |
| ( စ စ ) | ဦးအောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဌာနစု | အဖွဲ့ဝင် |
| (ဆဆ) | ဦးတင့်နိုင်မောင် | ဒုတိယညွှန်ကြားရေးမှူး<br>ထောက်ပံ့ရေးဌာနခွဲ | အတွင်းရေးမှူး |

(၂) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကက) ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

( ခ ခ ) လုပ်ငန်းတစ်ခုချင်းအလိုက် လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းသည့် ရရှိထားသော နမူနာပစ္စည်းအမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်း အရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

( ဂ ဂ ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃဃ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသော ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်၍ ဈေးနှုန်းစိစစ်အကဲဖြတ်ပြီး တင်ဒါကော်မတီသို့ တင်ပြခြင်း။

( ဂ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးကျော်ကျော်စိုး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရွေးကောက်ပွဲဆိုင်ရာ | ဥက္ကဋ္ဌ |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ( ခ ခ ) | ဦးသိန်းဦး | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် မှတ်တမ်းဌာန | အဖွဲ့ဝင် |
| ( ဂ ဂ ) | ဦးမြတ်ထွန်းဦး | ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| ( င င ) | ဒေါ်ခင်စန်းရင် | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| ( စ စ ) | ဦးသိန်းစိုး | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (ဆဆ) | ဦးစိုးမင်း | ဒုတိယညွှန်ကြားရေးမှူး<br>စီမံဌာနခွဲ | အဖွဲ့ဝင် |
| ( ဇ ဇ ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ<br>လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် (၁) ဦး | | အဖွဲ့ဝင် |
| ( ဈ ဈ ) | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ<br>လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် (၁) ဦး | | အဖွဲ့ဝင် |
| (ညည) | ဦးတင်မောင်လတ် | ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံး | အတွင်းရေးမှူး |

(၂) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခ ခ ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

( ဂ ဂ ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ ထည့်သွင်း စဉ်းစားခြင်း၊

( င င ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

( စ စ ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဆဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

( ဇ ဇ ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်း အများအလိုက် မှတ်တမ်းပြုစုထားခြင်း။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးစိုင်းကျော်သူ | ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲခုံရုံးဆိုင်ရာ | ဥက္ကဋ္ဌ |
| (ခခ) | ဦးသန့်ဇင်အောင် | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးအောင်မျိုးလွင် | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးနိုင်သူရစိုး | ဒုတိယညွှန်ကြားရေးမှူး သုတေသနနှင့် မှတ်တမ်းဌာန | အဖွဲ့ဝင် |
| (ငင) | ဦးအောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး ဥပဒေရေးရာဌာနစု | အဖွဲ့ဝင် |
| (စစ) | ဒေါ်သော်ဦးမေ | လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဌာနစု | အဖွဲ့ဝင် |
| (ဆဆ) | ဦးထွန်းနိုင်ဦး | ဒုတိယညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ | အတွင်းရေးမှူး |

(၂) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ကုမ္ပဏီတွင်ပါဝင်သော အရေအတွက်နှင့် ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများကို စိစစ်ခြင်း၊

(ခခ) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရားလက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စိစစ်ခြင်း၊

(ဂဂ) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေများကို စိစစ်ခြင်း၊

(ဃဃ) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့သော လုပ်ငန်းအတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊

(ငင) ယခင်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ ရှိ မရှိ စိစစ်ခြင်း၊

(စစ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း၊

(ဆဆ) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(ဇဇ) ဝယ်ယူရေးစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဈဈ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ညည) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(ဠ ဠ) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(ဋ ဋ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း။

၂။ တင်ဒါကော်မတီသည် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအားလုံးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရမည်။

၃။ တင်ဒါကော်မတီသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ဖြင့် ထုတ်ပြန်သည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၄။ တင်ဒါကော်မတီဥက္ကဋ္ဌသည် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**ဦးစီးအရာရှိရာထူးခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ ရာထူးနေရာများ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ခေါ်ယူခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၄၀) ဦး အား ဦးစီးအရာရှိ (အစမ်းခန့်) (ပုံသေလစာ ၂၇၅၀၀၀ိ/- ကျပ်) ဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်-

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၁) | ဒေါ်ဟန်သီသီဇော် | ဦးစီးအရာရှိ | ၅/မရန (နိုင်) ၂၇၆၀၉၅ |
| (၂) | ဒေါ်နွေးအိလှိုင် | ဦးစီးအရာရှိ | ၁/မကန (နိုင်) ၁၈၂၄၀၂ |
| (၃) | ဒေါ်ပန်းမို့မို့သူ | ဦးစီးအရာရှိ | ၁၂/ဒဂတ (နိုင်) ၀၇၉၁၇၇ |
| (၄) | ဒေါ်ကြူဖြိုးအေး | ဦးစီးအရာရှိ | ၉/ကပတ (နိုင်) ၂၁၁၃၆၆ |
| (၅) | ဦးအောင်လွင်ဟိန်း | ဦးစီးအရာရှိ | ၁၂/တမန (နိုင်) ၁၂၀၆၄၈ |
| (၆) | ဦးဖွဲပြည့်ကျော် | ဦးစီးအရာရှိ | ၁၄/ဖပန (နိုင်) ၁၅၃၀၉၉ |
| (၇) | ဒေါ်ဆုမြတ်မွန်ထူး | ဦးစီးအရာရှိ | ၁၄/ပသန (နိုင်) ၂၂၁၂၈၀ |
| (၈) | ဦးကျော်ဇင်ထက် | ဦးစီးအရာရှိ | ၁၂/တမန (နိုင်) ၁၂၄၁၂၇ |
| (၉) | ဒေါ်ချိုဇင်မောင် | ဦးစီးအရာရှိ | ၁၂/ဗဟန (နိုင်) ၀၉၄၈၆၅ |
| (၁၀) | ဦးနှစ်သစ်ကူး | ဦးစီးအရာရှိ | ၅/လရန (နိုင်) ၀၁၀၂၀၉ |
| (၁၁) | ဦးချမ်းငြိမ်းခန့် | ဦးစီးအရာရှိ | ၈/မကန (နိုင်) ၂၅၁၅၇၉ |
| (၁၂) | ဒေါ်ကြည်စင်သန့် | ဦးစီးအရာရှိ | ၁၂/ကတန (နိုင်) ၁၁၀၈၄၇ |

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၁၃) | ဦးနိုင်လင်းကိုကို | ဦးစီးအရာရှိ | ၁၂/သလန (နိုင်) ၁၄၁၆၂၇ |
| (၁၄) | ဒေါ်လှဲ့လှဲ့အောင် | ဦးစီးအရာရှိ | ၁၄/ဘကလ (နိုင်) ၁၈၇၉၃၈ |
| (၁၅) | ဦးစိုင်းနေဇာမောင် | ဦးစီးအရာရှိ | ၅/ဟမလ (နိုင်) ၀၅၆၁၀၀ |
| (၁၆) | ဒေါ်ဖြူစင်ပွင့် | ဦးစီးအရာရှိ | ၈/ပခက (နိုင်) ၂၃၅၇၃၈ |
| (၁၇) | ဦးမျိုးမြင့်ဇော် | ဦးစီးအရာရှိ | ၇/သကန (နိုင်) ၁၀၁၁၃၉ |
| (၁၈) | ဦးကျော်လွင် | ဦးစီးအရာရှိ | ၆/ဘပန (နိုင်) ၀၄၀၈၈၁ |
| (၁၉) | ဒေါ်သင်းလှဲ့စိုး | ဦးစီးအရာရှိ | ၅/ရဘန (နိုင်) ၁၆၉၀၂၇ |
| (၂၀) | ဒေါ်အေးငြိမ်းဖုံ | ဦးစီးအရာရှိ | ၁၂/ဒဂမ (နိုင်) ၀၃၈၅၂၀ |
| (၂၁) | ဒေါ်ယမုံဖူး | ဦးစီးအရာရှိ | ၁၄/ပသန (နိုင်) ၂၁၀၂၂၄ |
| (၂၂) | ဦးသုခဝင်း | ဦးစီးအရာရှိ | ၁၃/ရစန (နိုင်) ၀၇၆၁၂၉ |
| (၂၃) | ဒေါ်နီလာမြင့် | ဦးစီးအရာရှိ | ၉/ပဥလ (နိုင်) ၀၄၃၆၇၆ |
| (၂၄) | ဒေါ်သင်းသင်းအေး | ဦးစီးအရာရှိ | ၈/မလန (နိုင်) ၀၈၅၇၇၃ |
| (၂၅) | ဒေါ်နန်းလှဲ့လှဲ့ထွေး | ဦးစီးအရာရှိ | ၇/ညလပ (နိုင်) ၁၆၆၂၇၅ |
| (၂၆) | ဒေါ်ဥမ္မာမြင့် | ဦးစီးအရာရှိ | ၁၂/မဂဒ (နိုင်) ၁၇၄၀၂၈ |
| (၂၇) | ဒေါ်စိုးမြတ်သဇင် | ဦးစီးအရာရှိ | ၉/မထလ (နိုင်) ၃၂၃၈၂၁ |
| (၂၈) | ဒေါ်ခိုင်မွန်မွန်ကြည် | ဦးစီးအရာရှိ | ၉/မကန (နိုင်) ၁၁၅၅၃၉ |
| (၂၉) | ဒေါ်နွယ်နီစုလှိုင် | ဦးစီးအရာရှိ | ၁၄/ကကထ (နိုင်) ၁၅၉၄၄၈ |
| (၃၀) | ဦးကိုကိုလေး | ဦးစီးအရာရှိ | ၁၄/ဓနဖ (နိုင်) ၁၂၅၁၂၈ |
| (၃၁) | ဒေါ်နှင်းရီဝင်း | ဦးစီးအရာရှိ | ၇/ရတရ (နိုင်) ၁၀၃၃၄၃ |
| (၃၂) | ဦးထွန်းသူရ | ဦးစီးအရာရှိ | ၈/မလန (နိုင်) ၀၈၇၇၆၅ |
| (၃၃) | ဒေါ်ခင်ညိမ်းဝေ | ဦးစီးအရာရှိ | ၁၂/ဥကမ (နိုင်) ၂၃၈၃၉၇ |
| (၃၄) | ဦးသူရမျိုး | ဦးစီးအရာရှိ | ၇/တငန (နိုင်) ၁၇၃၆၅၇ |
| (၃၅) | ဒေါ်ဝင်းဝင်းမြတ် | ဦးစီးအရာရှိ | ၁၀/မလမ (နိုင်) ၂၄၆၄၂၇ |
| (၃၆) | ဦးအေးဇော်အောင် | ဦးစီးအရာရှိ | ၉/ပသက (နိုင်) ၁၂၃၆၄၀ |
| (၃၇) | ဒေါ်သဲမာဝင်း | ဦးစီးအရာရှိ | ၉/ပဥလ (နိုင်) ၀၃၀၂၃၃ |
| (၃၈) | ဒေါ်သူဇာခင် | ဦးစီးအရာရှိ | ၇/ဖမန (နိုင်) ၁၉၈၀၁၅ |
| (၃၉) | ဒေါ်ရီရီစိုး | ဦးစီးအရာရှိ | ၁၂/မဘန (နိုင်) ၁၄၇၄၅၄ |
| (၄၀) | ဒေါ်စန္ဒာလင်း | ဦးစီးအရာရှိ | ၇/နတလ (နိုင်) ၁၂၀၃၀၅ |

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၂/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၅၄၈၁ ရဲမှူးကြီး ကျော်သီဟ အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး လက်ရှိတပ်ဖွဲ့၌ပင် တပ်ဖွဲ့မှူးအဖြစ် တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၄/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စုံစမ်းရေးမှူး (၁၁) ဦးတို့အား ဦးစီးအရာရှိ (စုံစမ်းရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | စ/၁၅၆၁ စုံစမ်းရေးမှူး ဦးတင်မျိုးလတ် စီမံရေးရာဌာနစု-၁ | မန္တလေးတိုင်းဒေသကြီးရုံး |
| (၂) | စ/၁၃၂၅ စုံစမ်းရေးမှူး ဦးခင်သန်း မန္တလေးတိုင်းဒေသကြီးရုံး | နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး |
| (၃) | စ/၁၇၃၀ စုံစမ်းရေးမှူး ဦးထွန်းထွန်း စီမံရေးရာဌာနစု-၁ | စုံစမ်းရေးဌာနစု |
| (၄) | စ/၁၆၆၀ စုံစမ်းရေးမှူး ဦးဇော်လွင် နည်းပညာဌာနစု | ချင်းပြည်နယ်ရုံး |
| (၅) | စ/၁၅၁၃ စုံစမ်းရေးမှူး ဒေါ်မြင့်မြင့်ချို ရန်ကုန်တိုင်းဒေသကြီးရုံး | နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး |
| (၆) | စ/၁၆၆၁ စုံစမ်းရေးမှူး ဦးသိန်းအောင် ရန်ကုန်တိုင်းဒေသကြီးရုံး | လေ့ကျင့်ရေးဌာနစု |
| (၇) | စ/၁၅၅၇ စုံစမ်းရေးမှူး ဦးဇော်ရဲလှိုင် တနင်္သာရီတိုင်းဒေသကြီးရုံး | ဧရာဝတီတိုင်းဒေသကြီးရုံး |
| (၈) | စ/၁၇၂၆ စုံစမ်းရေးမှူး ဦးကျော်ဇင်ထူး ရန်ကုန်တိုင်းဒေသကြီးရုံး | ရခိုင်ပြည်နယ်ရုံး |
| (၉) | စ/၁၉၅၆ စုံစမ်းရေးမှူး ဦးဟန်ထွန်း ချင်းပြည်နယ်ရုံး | တိုင်စာစိစစ်ရေးဌာနစု |
| (၁၀) | စ/၁၇၅၆ စုံစမ်းရေးမှူး ဦးဝေဖြိုးလှိုင် ပဲခူးတိုင်းဒေသကြီးရုံး | တနင်္သာရီတိုင်းဒေသကြီးရုံး |
| (၁၁) | စ/၁၉၂၉ စုံစမ်းရေးမှူး ဦးစောထိုက်အောင် မှုခင်းဌာနစု (မြန်မာနိုင်ငံအောက်ပိုင်း) | စစ်ကိုင်းတိုင်းဒေသကြီးရုံး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃၅/၂၀၂၂)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စုံစမ်းရေးမှူး (၁၁) ဦးတို့အား ဦးစီးအရာရှိ (စုံစမ်းရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | စ/၁၅၂၄ စုံစမ်းရေးမှူး ဒေါ်အေးအေးခိုင် ကွန်ပျူတာမှုခင်းဌာနစု | ဧရာဝတီတိုင်းဒေသကြီးရုံး |
| (၂) | စ/၁၇၅၈ စုံစမ်းရေးမှူး ဦးသက်အောင် မကွေးတိုင်းဒေသကြီးရုံး | ကယားပြည်နယ်ရုံး |
| (၃) | စ/၁၈၁၃ စုံစမ်းရေးမှူး ဒေါ်အေးမျိုးသီတာ ရန်ကုန်တိုင်းဒေသကြီးရုံး | ပဲခူးတိုင်းဒေသကြီးရုံး |
| (၄) | စ/၁၉၁၁ စုံစမ်းရေးမှူး ဦးရန်တိုင်းအောင် မှုခင်းဌာနစု (မြန်မာနိုင်ငံအထက်ပိုင်း) | ကချင်ပြည်နယ်ရုံး |
| (၅) | စ/၁၇၈၃ စုံစမ်းရေးမှူး ဒေါ်ဖြိုးဖြိုးလှိုင် အကျိုးဆောင်ဌာနစု | စုံစမ်းရေးဌာနစု |
| (၆) | စ/၁၇၄၇ စုံစမ်းရေးမှူး ဦးဖြိုးမောင်မောင် စုံစမ်းရေးဌာနစု | ကရင်ပြည်နယ်ရုံး |
| (၇) | စ/၁၅၂၀ စုံစမ်းရေးမှူး ဒေါ်မြမြထွေး ရန်ကုန်တိုင်းဒေသကြီးရုံး | ဧရာဝတီတိုင်းဒေသကြီးရုံး |
| (၈) | စ/၁၇၅၉ စုံစမ်းရေးမှူး ဦးဟိန်းသူရထွန်း ပဲခူးတိုင်းဒေသကြီးရုံး | တနင်္သာရီတိုင်းဒေသကြီးရုံး |
| (၉) | စ/၁၆၄၀ စုံစမ်းရေးမှူး ဦးကျော်နိုင်ဝင်း မွန်ပြည်နယ်ရုံး | ကယားပြည်နယ်ရုံး |
| (၁၀) | စ/၁၈၈၂ စုံစမ်းရေးမှူး ဦးစောပြည်စိုး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာနစု | တိုင်စာစိစစ်ရေးဌာနစု |
| (၁၁) | စ/၁၇၅၄ စုံစမ်းရေးမှူး ဦးအောင်ကျော်ဖြိုး ရန်ကုန်တိုင်းဒေသကြီးရုံး | ချင်းပြည်နယ်ရုံး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃၆/၂၀၂၂)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စုံစမ်းရေးမှူး (၁၀) ဦးတို့အား ဦးစီးအရာရှိ (စုံစမ်းရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | စ/၁၆၈၂ စုံစမ်းရေးမှူး ဦးစည်သူမိုး စီမံရေးရာဌာနစု-၂ | မွန်ပြည်နယ်ရုံး |

| | | |
|---|---|---|
| (၂) | စ/၁၉၁၂ စုံစမ်းရေးမှူး ဦးထက်ဖြိုးအောင် နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနရုံး | စစ်ကိုင်းတိုင်းဒေသကြီးရုံး |
| (၃) | စ/၁၈၇၄ စုံစမ်းရေးမှူး ဒေါ်ဖြိုးကလျာအောင် ဥပဒေဌာနစု | အကျိုးဆောင်ဌာနစု |
| (၄) | စ/၁၈၃၂ စုံစမ်းရေးမှူး ဒေါ်ခင်မိုးကြည် ဥပဒေဌာနစု | နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး |
| (၅) | စ/၁၆၇၀ စုံစမ်းရေးမှူး ဦးမျိုးမင်းမင်း သတင်းကွန်ရက်ဌာနစု | ကယားပြည်နယ်ရုံး |
| (၆) | စ/၁၈၀၄ စုံစမ်းရေးမှူး ဒေါ်သန်းသန်းစိုး မှုခင်းဌာနစု (မြန်မာနိုင်ငံအောက်ပိုင်း) | စစ်ဆေးရေးဌာနစု |
| (၇) | စ/၂၀၂၀ စုံစမ်းရေးမှူး ဒေါ်တင်မိုးခိုင် နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနရုံး | မွန်ပြည်နယ်ရုံး |
| (၈) | စ/၁၇၈၆ စုံစမ်းရေးမှူး ဦးသန်းနိုင်ဦး ကချင်ပြည်နယ်ရုံး | ချင်းပြည်နယ်ရုံး |
| (၉) | စ/၁၈၇၁ စုံစမ်းရေးမှူး ဦးဖိုးဇော် ချင်းပြည်နယ်ရုံး | ကချင်ပြည်နယ်ရုံး |
| (၁၀) | စ/၁၇၄၄ စုံစမ်းရေးမှူး ဦးဟိန်းဇော်မင်း ကရင်ပြည်နယ်ရုံး | ရခိုင်ပြည်နယ်ရုံး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃၇/၂၀၂၂)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စုံစမ်းရေးမှူး (၁၀) ဦးတို့အား ဦးစီးအရာရှိ (စုံစမ်းရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍တိုးမြှင့်ခန့်ထားပြီးယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | စ/၁၆၄၁ စုံစမ်းရေးမှူး ဦးကျော်ကျော်လွင် ဦးစီးဌာနချုပ်ရုံး | စစ်ဆေးရေးဌာနစု |
| (၂) | စ/၁၈၉၆ စုံစမ်းရေးမှူး ဦးကျော်စွာလင်း နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | ချင်းပြည်နယ်ရုံး |
| (၃) | စ/၁၇၇၃ စုံစမ်းရေးမှူး ဦးနိုင်မင်းထွန်း ကချင်ပြည်နယ်ရုံး | ရခိုင်ပြည်နယ်ရုံး |
| (၄) | စ/၁၈၁၈ စုံစမ်းရေးမှူး ဦးဇင်မောင်သန့် မန္တလေးတိုင်းဒေသကြီးရုံး | ဧရာဝတီတိုင်းဒေသကြီးရုံး |

| | | |
|---|---|---|
| (၅) | စ/၁၉၀၄ စုံစမ်းရေးမှူး ဦးထွန်းထွန်းစိုး<br>စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း | စစ်ဆေးရေးဌာနစု |
| (၆) | စ/၁၆၂၅ စုံစမ်းရေးမှူး ဒေါ်ဥမ္မာစိန်<br>မန္တလေးတိုင်းဒေသကြီးရုံး | နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး |
| (၇) | စ/၁၇၁၈ စုံစမ်းရေးမှူး ဦးလွင်မောင်ဖြိုး<br>တနင်္သာရီတိုင်းဒေသကြီးရုံး | နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး |
| (၈) | စ/၁၇၃၅ စုံစမ်းရေးမှူး ဦးကောင်းထက် (ခ)<br>ဦးအောင်ကိုသက်<br>ဦးစီးဌာနချုပ်ရုံး | တိုင်စာစိစစ်ရေးဌာနစု |
| (၉) | စ/၁၅၂၃ စုံစမ်းရေးမှူး ဒေါ်နီနီဝင်း<br>မှုခင်းဌာနစု (မြန်မာနိုင်ငံအထက်ပိုင်း) | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာနစု |
| (၁၀) | စ/၁၉၀၅ စုံစမ်းရေးမှူး ဦးမျိုးဘိုဘိုအောင်<br>စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း | နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၃၈/၂၀၂၂)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စုံစမ်းရေးမှူး (၁၂) ဦးတို့အား ဦးစီးအရာရှိ (စုံစမ်းရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး လက်ရှိနေရာ၌ပင် တာဝန်ချထားလိုက်သည်-

(၁) စ/၁၇၇၁ စုံစမ်းရေးမှူး ဦးဝင်းသန့်
အကျိုးဆောင်ဌာနစု

(၂) စ/၁၈၃၈ စုံစမ်းရေးမှူး ဦးမင်းမင်းထွန်း
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာနစု

(၃) စ/၁၉၈၂ စုံစမ်းရေးမှူး ဦးဟန်စိုး
နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး

(၄) စ/၁၇၃၆ စုံစမ်းရေးမှူး ဒေါ်ဖြိုးသဥ္ဇာဝင်း
စီမံရေးရာဌာနစု-၁

(၅) စ/၁၇၂၇ စုံစမ်းရေးမှူး ဦးသန်းထွန်းဦး
အကျိုးဆောင်ဌာနစု

(၆) စ/၁၈၅၂ စုံစမ်းရေးမှူး ဒေါ်မိုးနန္ဒာမြင့်
လေ့ကျင့်ရေးဌာနစု

(၇) စ/၁၉၀၃ စုံစမ်းရေးမှူး ဒေါ်သိမ့်အေးငြိမ်းစိုး
ညွှန်ကြားရေးမှူး (ဥပဒေနှင့် အကျိုးဆောင်ဌာန) ရုံး

(၈) စ/၁၇၃၉ စုံစမ်းရေးမှူး ဦးအောင်မိုးဝင်း
ကရင်ပြည်နယ်ရုံး

(၉) စ/၂၀၂၁ စုံစမ်းရေးမှူး ဒေါ်ထက်ထက်အောင်
ဥပဒေဌာနစု

(၁၀) စ/၂၀၉၁ စုံစမ်းရေးမှူး ဒေါ်ဇင်ထက်ထက်အောင်
မှတ်တမ်းဌာနစု

(၁၁) စ/၁၈၆၅ စုံစမ်းရေးမှူး ဦးမျိုးမင်းအောင်
ပဲခူးတိုင်းဒေသကြီးရုံး

(၁၂) စ/၁၉၃၀ စုံစမ်းရေးမှူး ဦးမင်းသူဖြိုး
စစ်ဆေးရေးဌာနစု

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃၉/၂၀၂၂)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စုံစမ်းရေးမှူး (၁၁) ဦးတို့အား ဦးစီးအရာရှိ (စုံစမ်းရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး လက်ရှိနေရာ၌ပင် တာဝန်ချထားလိုက်သည်-

(၁) စ/၁၇၃၇ စုံစမ်းရေးမှူး ဦးအောင်မိုး
ရန်ကုန်တိုင်းဒေသကြီးရုံး

(၂) စ/၁၇၂၅ စုံစမ်းရေးမှူး ဒေါ်မေစန္ဒာစိုး
ကရင်ပြည်နယ်ရုံး

(၃) စ/၁၅၁၉ စုံစမ်းရေးမှူး ဒေါ်နေကြာပန်း
ရှမ်းပြည်နယ်ရုံး

(၄) စ/၂၀၀၆ စုံစမ်းရေးမှူး ဦးတင်လတ်ငွေ
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာနစု

(၅) စ/၁၅၂၇ စုံစမ်းရေးမှူး ဦးတင်နိုင်လင်း
ပဲခူးတိုင်းဒေသကြီးရုံး

(၆) စ/၁၈၂၉ စုံစမ်းရေးမှူး ဦးဝင်းငွေ
နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး

(၇) စ/၁၉၀၀ စုံစမ်းရေးမှူး ဦးဝင်းမော်
နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး

(၈) စ/၂၀၆၉ စုံစမ်းရေးမှူး ဒေါ်ဝင်းဝင်းအောင်
အကျိုးဆောင်ဌာနစု

(၉) စ/၁၉၂၂ စုံစမ်းရေးမှူး ဦးမင်းထက်ခိုင်ဇော်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာနစု

(၁၀) စ/၁၈၈၀ စုံစမ်းရေးမှူး ဦးအာကာမင်းသိန်း
စုံစမ်းရေးဌာနစု

(၁၁) စ/၁၉၀၆ စုံစမ်းရေးမှူး ဦးစောသစ်လွင်ဦး
မန္တလေးတိုင်းဒေသကြီးရုံး

**အမိန့်ကြော်ငြာစာ (၃၇၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ ကြိမ်ခါးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၃၄ဃ/ သာယာကုန်းကွင်း)၊ ဦးပိုင်အမှတ် (၁/၂၂/၅) ရှိ **မြေဧရိယာ ၈.၁၆ ဧက** အား **အင်ကုန်းအခြေခံပညာအထက်တန်းကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၉၂ အရ **ပညာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၃၇၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃/ ဝန်ဆောင်မှုဇုန်)၊ ဦးပိုင်အမှတ် (B-၈) ရှိ **မူလသာသနာမြေဧရိယာ ၂၂၈ ဧက** အနက်မှ **မြေဧရိယာ ၁.၇၀ ဧကကို** ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး** အမည်ဖြင့် ဦးကျော်စွာလင်း [၁၃/ကလတ (နိုင်) ၀၂၅၃၁၄] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/၂၀၂၂ နှင့် ၁၆/၂၀၂၂ တို့အရ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုခဲ့သည့် ဤရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၂၀၂၂ ကို ပယ်ဖျက်၍ ဆက်လက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**တင်ဒါကော်မတီ ဖွဲ့စည်းခြင်း**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၂ တို့တွင်ပါရှိသည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော တင်ဒါကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဒုတိယအမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကနဦးထရိုက်ပါအချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှု အစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(င) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန် ပေးအပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာ၊ တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဆ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို တာဝန်ပေးအပ်ခြင်း၊

(ဇ) တင်ဒါမအောင်မြင်သူအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ည) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေး တင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း။

၃။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို ဌာနများအလိုက် ဆက်လက်ဖွဲ့စည်းတာဝန် ပေးအပ်ပါမည်။ ကော်မတီများအနေဖြင့် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၂ တို့တွင် ပါရှိသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တင်ဒါကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

### တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၂ တို့တွင်ပါရှိသည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အထက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါ်အေးစန္ဒာလွင်<br>ဒုတိယအမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဦးဖေသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဦးထွန်းထွန်းလင်း<br>ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၄) | ဦးကျော်သူချို<br>လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၅) | ဦးမင်းဇော်အေး<br>လက်ထောက်အတွင်းဝန် | အတွင်းရေးမှူး |

(ခ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တင်ဒါများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါ်သီတာအုန်း<br>လက်ထောက်အတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ကေခိုင်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒေါ်နီနီအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၄) | ဒေါ်ဖြူဖြူမင်း<br>ဒုတိယညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(ဃ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ။** ငွေးရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြခြင်း။

(င) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးအောင်သက်နိုင်<br>လက်ထောက်အတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းမင်းခန့်<br>လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒေါ်အေးမြသီတာ<br>လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |

(၄) ဦးအောင်ကိုကိုဇော် — အဖွဲ့ဝင်
ဦးစီးအရာရှိ

(၅) ဒေါ်စုဇေယျာလွင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး

(စ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာန/အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၂)

## တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၂ တို့တွင်ပါရှိသည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အထက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဦးသန့်စင်လွင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်

(၂) ဦးစိုးမြင့်အောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်

(၃) ဦးလင်းထွဋ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး

(၄) ဒေါ်ဖြူနှင်းဝတ်ရည် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး

(၅) ဒေါ်သိန်းသိန်းဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး

( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တင်ဒါများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

( ဂ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဒေါ်ဖြိုးပွင့်ဟန် ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး

(၂) ဦးသန်းဇော် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး

(၃) ဒေါ်ယုယုလွင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး

(၄) ဦးစိုင်းညီညီချစ် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး

(၅) ဒေါ်စိုးစိုးအေး အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး

(ဃ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ။** ငွေးရမ်းရောင်းချမည့် နိုင်ငံပိုင် ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြခြင်း။

( င ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) ဦးကျော်ဝင်းထွန်း ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး

(၂) ဒေါ်ရီတာထွန်းမြင့် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး

(၃) ဒေါ်စမ်းစမ်းထွေး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး

(၄) ဒေါ်သွယ်သွယ်ဆုတင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး

(၅) ဦးမျိုးမင်းထွန်း အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး

( စ ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာန/အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၂)

## တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၂ တို့တွင်ပါရှိသည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အထက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာ မာလာမျိုးညွန့်<br>ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်စောကလျာစု<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ အောင်မိုးချယ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) | အဖွဲ့ဝင် |
| (၄) | ဦးလွင်နိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၅) | ဒေါ်ရီရီခင်<br>ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(ခ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တင်ဒါများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါ်သူဇာခင်<br>ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဒေါ်စိုးမြတ်စန္ဒီ<br>လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒေါ်ရီရီနွဲ့<br>ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၄) | ဒေါ်ပွင့်ဇာခြည်သွင်<br>ဒုတိယဦးစီးမှူး | အဖွဲ့ဝင် |

(၅) ဒေါ်ဟေမာန်ခိုင်ဝင်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး

(ဃ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ။** ငွေားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး "တင်ဒါကော်မတီ" သို့ တင်ပြခြင်း။

( င ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) ဦးသက်တင်လင်း — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး

(၂) ဦးတင်ဇော်ထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး

(၃) ဦးဖြိုးသူဟိန်း — အဖွဲ့ဝင်
ဦးစီးအရာရှိ

(၄) ဦးရဲနိုင်စိုး — အဖွဲ့ဝင်
ဦးစီးအရာရှိ

(၅) ဒေါ်တင်သိမ့်သိမ့်သော် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး

( စ ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာန/အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

သန်းအောင်ကျော်
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

အမိန့် ၅၃။ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ် ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရ လည်းကောင်း ဗီဒီယို လုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ (၂) နှစ်သက်တမ်းရှိသော အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများကို ပြင်ဆင် ဖွဲ့စည်းလိုက်ပါသည်-

**နေပြည်တော်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမြင့်စိုး — ဥက္ကဋ္ဌ
အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

| | | |
|---|---|---|
| (ခ) | ရဲမှူးကြီး ကိုကိုလွင်<br>တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်သင်းအောင်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးခိုင်လျှံကျင့်ထန်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးနေဝင်းထွန်း<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (စ) | ဦးဇော်မင်းထက်<br>ဥက္ကဋ္ဌ<br>နေပြည်တော်ဗီဒီယိုအခြေခံအဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်သင်းသင်းဇင်<br>ညွှန်ကြားရေးမှူး (တာဝန်ပေး)<br>နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

**တနင်္သာရီတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးခင်မောင်ချို<br>အတွင်းရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီး ဝင်းသိန်း<br>ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးမိုးထက်<br>ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးနေလင်းစိုး<br>ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးသက်လွင်ဦး<br>ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးကျော်ထွန်း<br>ဥက္ကဋ္ဌ<br>တနင်္သာရီတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ကြင်ကြင်သန်း<br>တိုင်းဒေသကြီးဦးစီးမှူး<br>တနင်္သာရီတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

အမှတ် ၅၄။ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ် ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရ လည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများကို ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

**ကရင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးကျော်စိုး<br>အတွင်းရေးမှူး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီး ထွန်းအောင်ကျော်<br>ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးတင့်ဝေသုံ<br>ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဦးဇော်မြတ်မင်း<br>ကရင်ပြည်နယ်ဦးစီးမှူး<br>ကရင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (င) | သူရဦးမြင့်သူ<br>ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးကြည်ဖေဦး<br>ဥက္ကဋ္ဌ<br>ကရင်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဆ) | ဦးမောင်မောင်<br>ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

**မကွေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးသန်းဆွေဝင်း<br>အတွင်းရေးမှူး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီး သူရသွင်ကိုကို<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးကြည်မြင့်<br>ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဃ) ဦးတင်မောင်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

( င ) ဦးထင်အောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

( စ ) ဦးဟန်လတ်ဘိုဘို — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဦးမျိုးဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ဇ ) ဦးလှကျော်ဦး — အတွင်းရေးမှူး
ဌာနခွဲမှူး (တာဝန်ခံ)
မကွေးတိုင်းဒေသကြီးမြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကယားပြည်နယ်အတွင်းရှိ ပူးတွဲစာရင်းပါ ကိုလိုနီခေတ်အဆောက်အအုံ (၁) ခုကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်လိုက်သည်။

**ပူးတွဲစာရင်း**

**ကယားပြည်နယ်အတွင်းရှိ ကိုလိုနီခေတ်အဆောက်အအုံ (၁) ခု**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | အဆောက်အအုံအမည် | တည်နေရာ | တည်ဆောက်သည့်ကာလ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကယားပြည်နယ် | လွိုင်ကော်မြို့နယ် | သီရိမင်္ဂလာပုံကျောင်း (ဟော်ကြီးကျောင်း) | Lat–19.37918 N Long–97.31234 E မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့။ | ၁၉၃၂ ခုနှစ် | KYA/LK–001 |

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ**

**ကာကွယ်ထိန်းသိမ်းရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်-

**မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကာကွယ်ထိန်းသိမ်းရန် လိုက်နာရမည့်အမိန့်**

၁။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေယာရှုခင်းနယ်မြေ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မြို့မြေနှင့် ရွာမြေ မဟုတ်သည့် အခြားမြေများကို ဆိုသည်။ ယင်းမြေများတွင် ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းနေရာ၊ လယ်မြေ၊ ယာမြေ၊ မြစ်ချောင်းနှင့်သစ်တောများလည်း ပါဝင်သည်။

(ခ) **လူနေအခြေချနယ်မြေ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မြို့မြေနှင့် ရွာမြေများကို ဆိုသည်။

(ဂ) **အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်း** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့်မြေနေရာတွင် ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတစ်ခုခုကို တူးဖော်တွေ့ရှိပါက ယင်းအထောက်အထားများကို မှတ်တမ်းရယူ၍ ဖယ်ရှားရန် သို့မဟုတ် နေရာရွှေ့ပြောင်းထိန်းသိမ်းရန် ဆောင်ရွက်သည့် ရှေးဟောင်းသုတေသနဆိုင်ရာ စမ်းသပ်တူးဖော်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းကို ဆိုသည်။

(ဃ) **ပြည်နယ်ထိန်းသိမ်းရေးကော်မတီ** ဆိုသည်မှာ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

၂။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ယင်းဒေသအတွင်း နေထိုင်သောလူမှုအဖွဲ့အစည်း၏ အခြေခံလိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်ကိုလည်း ကာကွယ်ထိန်းသိမ်းရမည်။

၃။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းနှင့် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း နေထိုင်သည့် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါတို့ကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းနိုင်ရန် အစဉ်သတိပြုရမည်။

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရိုးရာအစဉ်အလာလုပ်ငန်းများနှင့် ရိုးရာအတိုင်း မြေအသုံးချမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဂ) အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ သို့မဟုတ် အများပြည်သူနှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် သက်ဆိုင်သောနေရာများကို ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်။

၄။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် မြေယာရှုခင်းနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) မြေယာရှုခင်းနယ်မြေကို ကာကွယ်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရာတွင် မူလမြေယာ၏ အသွင်အပြင်ကို ပြောင်းလဲရန်လိုအပ်ပါက မူလအသွင်အပြင် မပျောက်ပျက်နိုင်သည့် ပြောင်းလဲခြင်းမျိုးကို ဆောင်ရွက်ရမည်။

(ခ) မြေပေါ်မြေအောက် ရှေးဟောင်းအမွေအနှစ်များနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ရမည်။

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ်ချက် ဆောင်ရွက်ရန် လိုအပ်ပြီး ဦးစားပေးအလိုက် ဆောင်ရွက်ရမည်။

(ဃ) မြေယာရှုခင်းနယ်မြေအတွင်း ပါဝင်သည့် တောင်ကုန်း၊ တောင်တန်းများနှင့် ရေလွှမ်းလွင်ပြင်များ၊ ရေစွမ်းအားစနစ်များ၊ အထိမ်းအမှတ်အဆောက်အအုံများနှင့် မြေအောက် ရှေးဟောင်းသုတေသန အထောက်အထားများကို ကာကွယ်စောင့်ရှောက်ရမည်။

(င) ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှု အမွေအနှစ်ကို ထိခိုက်မှုမရှိစေရေး ထိန်းချုပ်ပေးရမည်။

၅။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းရှိ လူနေအခြေချနယ်မြေများ၏ အဆောက်အအုံနေရာ၊ အခင်းအကျင်းနှင့် အကျယ်အဝန်းကို ထပ်မံတိုးချဲ့မှုများမရှိစေရေး ထိန်းသိမ်းရမည်။

၆။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) မြေယာရှုခင်းနယ်မြေအတွင်း တောင်ကုန်းတောင်တန်းများ၊ ရေလွှမ်းလွင်ပြင်များ၊ ရေစွမ်းအားစနစ်နှင့် သက်ဆိုင်သည့် အဆောက်အအုံများ စသည်တို့ပါဝင်သော မြေယာရှုခင်းနယ်မြေ၏ သမိုင်းဝင်အမှတ်အသားလက္ခဏာများကို ထိန်းသိမ်းထားရမည်။

(ခ) ရိုးရာမူလပုံသဏ္ဍာန်များရှိသည့် ရင်ပြင်၊ လမ်း၊ ရေကန်စသည့် အများပြည်သူနှင့် သက်ဆိုင်သောနေရာများကို မူလပုံသဏ္ဍာန်အတိုင်း ထိန်းသိမ်းရမည်။ ပုံစံ၊ နယ်နိမိတ်နှင့် ဝိသေသလက္ခဏာများကို ပြောင်းလဲခြင်း၊ အစားထိုးခြင်း မပြုလုပ်ရ။

(ဂ) ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေသော နေရာများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု ရှိရန် စီစဉ်ဆောင်ရွက်ရမည်။ ရေစွမ်းအားစနစ်ဆိုင်ရာများကို ထိခိုက်မှု မရှိစေရန်၊ ရှေးဟောင်းအဆောက်အအုံများအား ထိခိုက်ပျက်စီးမှု မရှိစေရန်နှင့် လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများကို ယဉ်ကျေးမှုအမွေအနှစ်ဒေသပြင်ပသို့ စွန့်ပစ်နိုင်ရန် သတ်မှတ်ပေးရမည်။

၇။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ပြည်တွင်းပြည်ပဧည့်သည်များ ဝင်ရောက်နိုင်သည့် လမ်းကြောင်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်-

(က) မြောက်ဦးမြို့၏ အရှေ့တောင်ဘက်ရှိ လေဆိပ်တည်ဆောက်မှုကို အပြီးသတ်ဆောင်ရွက်၍ ခရီးစဉ်များစတင်ဆောင်ရွက်ရန်၊ လေယာဉ်ဆင်းသက်၊ ပျံသန်းမှုများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အထူးဂရုပြုစီစဉ်ရေးဆွဲဆောင်ရွက်ရန်၊

( ခ ) စစ်တွေမြို့မှ မြောက်ဦးမြို့သို့လာသော မီးရထားလမ်း မြေဘောင်များမှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသကို နှောင့်ယှက်ထိခိုက်မှုဖြစ်စေသဖြင့် ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်နိုင်မှုဆန်းစစ်ချက်နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မူလမြေယာ ရှုခင်းနယ်မြေကို ပြန်လည်ဖော်ထုတ်ရန်၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မီးရထားလမ်းဆက်သွယ်ချိတ်ဆက်မှုများကို အမျိုးသားအဆင့်ကွန်ရက်အစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊

( ဂ ) စစ်တွေမြို့မှ မြောက်ဦးမြို့သို့လာသော သင်္ဘောခရီးစဉ် ဆက်သွယ်မှုများကို မြှင့်တင်ဆောင်ရွက်ရန်နှင့်ယင်းခရီးစဉ်မြှင့်တင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ထည့်သွင်းစဉ်းစားရန်၊

(ဃ) ချောင်း၊ မြောင်းနှင့် တူးမြောင်းများတွင် ယခုထက်ပို၍ လှေသင်္ဘောများ သွားလာနိုင်ရန်၊ ဆိပ်ခံတံတားများကိုလည်း ယဉ်ကျေးမှုအမွေအနှစ်အပေါ် နှောင့်ယှက်တားဆီးမှုမဖြစ်စေရန်နှင့် အလွယ်တကူ ပြောင်းရွှေ့နိုင်ရန်၊

( င ) စစ်တွေမြို့နှင့် အမ်းမြို့တို့မှ မြောက်ဦးမြို့သို့လာသော မော်တော်ယာဉ်လမ်းကြောင်းများကို အဆင့်မြှင့်တင်ရန်၊

( စ ) မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း မော်တော်ယာဉ်သွားလာမှု လမ်းကြောင်းများကို ကောင်းစွာလည်ပတ်စေရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ ကမ္ဘာလှည့်ခရီးသည်များ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်၊

(ဆ) မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း မော်တော်ယာဉ်ကြီးများ၊ မော်တော်ယာဉ်ငယ်များ၊ သုံးဘီးတပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များနှင့် စက်မဲ့ယာဉ်များ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်နှင့် ယင်းဒေသရှိ လူအသွားအလာများသော ရှေးဟောင်းအဆောက်အအုံများ၏ အပြင်ဘက်တွင် ယာဉ်ရပ်နားရန် နေရာများ စီစဉ်ပေးရန်၊

( ဇ ) အရေးပေါ်အခြေအနေတွင် သူနာပြုယာဉ်နှင့် မီးသတ်ယာဉ်များ ပုံမှန်သွားလာနိုင်ရေးအတွက် လမ်းကြောင်းများ စီစဉ်ဆောင်ရွက်ထားရှိရန်၊

(ဈ) မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ လူနေရပ်ကွက်များနှင့် လေယာဉ်ကွင်း၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ အဝေးပြေးလမ်းနှင့် ယာဉ်ရပ်နားကွင်းတို့ကို ချိတ်ဆက်စီမံထားရှိပေးရန်၊ အစွန်အဖျားနေရာများအထိ သွားလာနိုင်ရေး စီစဉ်ပေးရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် အများပြည်သူပို့ဆောင်ရေး လုပ်ငန်းများ စီစဉ်ပေးရန်၊

(ည) မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ခရီးသွားလာခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို အနည်းဆုံးအရေအတွက်ထားရှိရန်၊ လမ်းများချဲ့ထွင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ပြောင်းလဲခြင်းတို့ ပြုလုပ်ရာတွင် အသေးစိတ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်နိုင်မှု ဆန်းစစ်ချက်များ ဆောင်ရွက်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ရန်၊

( ဋ ) ကြားခံဒေသအတွင်းရှိ လမ်းများ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာ၌ ရှေးဟောင်းအမွေအနှစ်များ၊ မြေပေါ် မြေအောက်ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်မှုမရှိစေရေး သတိပြုဆောင်ရွက်ရန်၊

( ဌ ) မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ လမ်း၏မျက်နှာပြင်ကိုလိုအပ်မှ ပြောင်းလဲရန်၊ မာကျော၍ စိမ့်ဝင်ပျက်စီးခြင်းမရှိနိုင်သည့် နိုင်လွန်ကတ္တရာများ အသုံးပြုရန်၊

( ဍ ) ကြားခံဒေသတွင် ရှေးဟောင်းအမွေအနှစ်များနှင့် မြေပေါ်မြေအောက်ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်မှုမရှိစေရေးအတွက် ကွန်ကရစ်နှင့် နိုင်လွန်ကတ္တရာအသုံးပြုမှုကို မော်တော်ယာဉ်ကြီးများ သွားလာခွင့်ပြုသည့် နေရာ၌သာ ဆောင်ရွက်ရန်။

၈။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) သမိုင်းဝင်သဘာဝရေဆင်းစနစ်များကိုကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်၊ရေစွမ်းအားစနစ်ဆိုင်ရာများကို မြေယာရှူခင်းနယ်မြေစီမံခန့်ခွဲမှု အစီအစဉ်တွင် သတ်မှတ်ဖော်ပြသည့်အတိုင်း ဂရုတစိုက် ထိန်းသိမ်းသွားရန်၊

( ခ ) မြေအောက်ရှေးဟောင်းအမွေအနှစ်များမရှိသည့်နေရာများတွင်မိလ္လာအညစ်အကြေးများစနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် မိလ္လာကန်များ၊ ရေဆိုးထုတ်မြောင်းများကို စနစ်တကျ စီမံဆောင်ရွက်ရန်၊

( ဂ ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းရေမြောင်းနှင့် သဘာဝရေဆင်းမြောင်းများကို ထိန်းသိမ်းကာကွယ်ထားရန်၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လမ်းမများနှင့် လမ်းသွယ်များတွင် ရေစီးရေလာကောင်းမွန်ရေး စီစဉ်ဆောင်ရွက်ရန်၊

( င ) မြေအောက်ရေမြောင်းတူးဖော်ခြင်းကို ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့် ဦးစီးဌာန၏ စောင့်ကြည့်စစ်ဆေးမှုများအပေါ် အခြေခံ၍ ဆောင်ရွက်ရန်၊ လိုအပ်ပါက အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်းပြုလုပ်ပြီးမှ ခွင့်ပြုရန်၊

( စ ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း မြေအောက်ရှေးဟောင်းအမွေအနှစ်များ မရှိသည့်နေရာတွင် ရေသွယ်ပိုက်များတပ်ဆင်ရန်မြေတူးလုပ်ငန်းလုပ်ကိုင်ပါကရှေးဟောင်းအမွေအနှစ်များဘေးအန္တရာယ်ပြမြေပုံနှင့် စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်ပြီးလိုအပ်ပါက အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်းပြုလုပ်ပြီးမှ ဆောင်ရွက်ခွင့်ပြုရန်၊ လူနေထိုင်ရာ အပြင်ဘက်တွင် ပိုက်များသွယ်တန်းပါက ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်နိုင်မှု ဆန်းစစ်ချက်ပြုလုပ်ပြီးမှ ဆောင်ရွက်ခွင့်ပြုရန်၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လျှပ်စစ်မီးများသွယ်တန်းရာတွင် မီးကြိုးများကို လမ်းမ၊ လမ်းသွယ်များနှင့်အပြိုင်သွယ်တန်းရန်၊ လမ်းမ၊ လမ်းသွယ်များကို ဖြတ်၍ သွယ်တန်းခြင်းမပြုရန်၊ လျှပ်စစ်ကေဘယ်ကြိုးများကို လမ်းဘေးဝဲယာတွင် မြေမြှုပ်၍ သွယ်တန်းရန်၊ မလိုအပ်ပါက မြေကြီးကို တူးဖော်ခြင်းမပြုလုပ်ရန်၊

( ဇ ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လျှပ်စစ်မီးသွယ်တန်းရာတွင် မြေတူးလုပ်ငန်းလုပ်ကိုင်ပါက ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့် စိစစ်၍ ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်နိုင်မှု ဆန်းစစ်ချက်ပြုလုပ်ပြီးမှ ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုရှိပါက အရေးပေါ် ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်း ဆောင်ရွက်ရန်၊

(ဈ) မီးအားမြင့်စက်၊ Transformer များ တည်ဆောက်ရန် လိုအပ်ပါက ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းကို ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(ည) ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းအဆောက်အအုံများကို လျှပ်စစ်မီးသွယ်တန်းရာတွင် မြင်ကွင်းနှောင့်ယှက်မှုမရှိစေရေး သတိပြုဆောင်ရွက်ရန်နှင့် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဓာတ်တိုင် အမျိုးအစားကို အသုံးပြုရန်၊

(ဋ) အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၌ လျှပ်စစ်မီးသွယ်တန်းရာတွင် အဆိုပါဒေသ၏ မူလ မြင်ကွင်းနှင့်ပတ်ဝန်းကျင်ကို မထိခိုက်စေရန်၊

(ဌ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပွဲတော်များနှင့် အခြားပွဲလမ်းသဘင်များတွင် လျှပ်စစ်မီး အသုံးပြုရာ၌ ကေဘယ်ကြိုးများကို မြင်သာမှုမရှိစေရေး ဖုံးကွယ်ထားရန်၊

(ဍ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုများ အတွက် ကေဘယ်ကြိုးများသွယ်တန်းရာတွင် လမ်းမ၊ လမ်းသွယ်များနှင့် အပြိုင်သွယ်တန်းရန်၊ လမ်းမ၊ လမ်းသွယ်များကိုဖြတ်၍ သွယ်တန်းခြင်းမပြုရန်၊ ကေဘယ်ကြိုးများကို လမ်းဘေးဝဲယာတွင် မြေမြှုပ်၍ သွယ်တန်းရန်၊ မလိုအပ်ပါက မြေကြီးကို တူးဖော်ခြင်းမပြုလုပ်ရန်၊

(ဎ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ကေဘယ်ကြိုးများ သွယ်တန်းရာတွင် မြေတူးလုပ်ငန်းလုပ်ကိုင် ပါက ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့် စိစစ်၍ ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ်ချက်ပြုလုပ်ပြီးမှ ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုရှိပါက အရေးပေါ် ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်း စီစဉ်ဆောင်ရွက်ရန်၊

(ဏ) ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းအဆောက်အအုံများကို ကေဘယ်ကြိုးများ သွယ်တန်း ရာတွင် မြင်ကွင်းကို နှောင့်ယှက်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(တ) ရေပိုက်လိုင်းများ၊ ဓာတ်ငွေ့ (Gas) ပိုက်လိုင်းများ၊ ရုပ်သံဖမ်းတိုင်များ၊ လေအေးပေးစက်များနှင့် အခြားစက်ကိရိယာများ တပ်ဆင်အသုံးပြုရာတွင် ပေါ်လွင်ထင်ရှားမှုမရှိစေရေး ဆောင်ရွက်ရန်၊

(ထ) အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် စည်းကမ်းချက်များသတ်မှတ်၍ အမှိုက်စွန့်ပစ်ရန် နေရာများ သတ်မှတ်ပေးရန်၊ မှန်၊ သတ္တု၊ ပလတ်စတစ် စသည့် ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများ၊ စွန့်ပစ်ရန်အမှိုက်များ စသည်ဖြင့် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရေးဆောင်ရွက်ရန်၊ ပြန်လည် အသုံးချနိုင်သည့် နည်းစနစ်ကို ပိုမိုသုံးစွဲနိုင်ရေးအတွက် အမှိုက်ပုံးများကို ဒေသနှင့်လိုက်လျော ညီထွေသော ဒီဇိုင်းများအသုံးပြု၍ လိုအပ်သောနေရာများတွင် စနစ်တကျချထားပေးရန်နှင့် ပုံမှန် အမှိုက်သိမ်းသည့်စနစ်ကို ဆောင်ရွက်ရန်။

၉။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဆောင်ရွက်မည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အခြေခံအချက်အဖြစ် ကျင့်သုံးရန် စိစစ်ကြပ်မတ်ရမည်–

(က) မြေယာရှုခင်းများကို ထိန်းသိမ်းရန်၊ မြေပေါ်၊ မြေအောက်အမွေအနှစ်များအနီးရှိ ယာမြေများတွင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(ခ) ရိုးရာအစဉ်အလာစိုက်ပျိုးသော ရာသီ သီးနှံများကို ပိုမိုစိုက်ပျိုးရန်၊ မြေပဲ၊ နှမ်းနှင့် ရာသီသီးနှံတို့ကို အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊ သီးနှံအမျိုးအစားအသစ်များ စိုက်ပျိုးလိုပါက မြေပေါ်၊ မြေအောက်အမွေအနှစ်များကို ထိခိုက်မှုမရှိစေရေးနှင့် မြင်ကွင်းနှောင့်ယှက်မှုမရှိစေရေးတို့ကို ဆောင်ရွက်ရန်၊

(ဂ) ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် စီမံချက်ရေးဆွဲခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် ရေသွင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင်သဘာဝပတ်ဝန်းကျင်အခြေအနေများနှင့် မြေပေါ်၊ မြေအောက်အမွေအနှစ်များအား မထိခိုက်စေနိုင်သောစနစ်များကို အသုံးပြုရန်၊ ကြားခံဒေသတွင် ဆည်မြောင်းစနစ်များကို အဓိကထား၍ အသုံးပြုရန်၊ မြေအောက်ရေစုပ်ထုတ် အသုံးပြုခြင်းကို တတ်နိုင်သမျှ လျှော့ချရန်၊

(ဃ) ထွန်ယက်စိုက်ပျိုးခြင်းများပြုလုပ်ရာတွင် နွားများဖြင့်သာ ထွန်ယက်စိုက်ပျိုးရန်နှင့် စက်ကိရိယာများဖြင့် အသုံးပြုမည်ဆိုပါကမြေအောက်တွင်ရှိသောရှေးဟောင်းအမွေအနှစ်များထိခိုက်မှုမရှိစေရေးသတိပြု ဆောင်ရွက်ရန်၊

(င) သစ်ပင်နှင့်ချုံနွယ်ပင်များ စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ယခင်တည်ရှိခဲ့သော သစ်ပင်ချုံနွယ်များ နေရာတွင် အလားတူအရွယ်အစားရှိသည့် အပင်များအစားထိုးစိုက်ပျိုးရန်၊ ယာမြေနယ်နိမိတ် သတ်မှတ်၍ စိုက်ပျိုးရန်နှင့် မြေကွက်ကန်သင်းတစ်လျှောက် ထန်းပင်စိုက်ပျိုးခြင်းတို့ကို မြေပေါ်၊ မြေအောက်အမွေအနှစ်များ ထိခိုက်မှုမရှိမှုပြုလုပ်ရန်၊ ကြားခံဒေသတွင် ယင်းဒေသနှင့်သင့်လျော်မှု ရှိသော စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်။

၁၀။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်မည့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အခြေခံအချက်အဖြစ် ကျင့်သုံးရန် စိစစ်ကြပ်မတ်ရမည်-

(က) သဘာဝကုန်းမြေဒေသများအား မြေလွှာတိုက်စားမှုမဖြစ်စေရန် သင့်လျော်သော ကာကွယ်မှုများ ပြုလုပ်ပေးရန်၊ ကျောက်တူးယူခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း သို့မဟုတ် အခြေခံ အဆောက်အအုံ ဆောက်လုပ်ခြင်းစသည့် မြေအသုံးချမှုများအတွက် တောင်ကုန်းတောင်တန်းများ၏ မြေမျက်နှာသွင်ပြင်များကို ပြောင်းလဲခြင်းမပြုရ၊

(ခ) သစ်တောဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေတို့ဖြင့် ကာကွယ်ရန်၊

(ဂ) မြေယာရှုခင်းနယ်မြေအတွင်း ပေါက်ရောက်နေသော သဘာဝပေါက်ပင်များကို ပြောင်းလဲရန် သို့မဟုတ် ပြောင်းလဲပြီးစိုက်ပျိုးမည့် သစ်ပင်များသည့် မူလမြေယာရှုခင်းနယ်မြေနှင့် လိုက်လျော ညီထွေရှိသည့် ဒေသမျိုးရင်းအပင်များကို စိုက်ပျိုးရန်၊

(ဃ) စိုက်ပျိုးရာတွင် မြေယာရှုခင်းနယ်မြေ၊ အဆောက်အအုံဆိုင်ရာ အမွေအနှစ်များနှင့် မြေအောက် ရှေးဟောင်းသုတေသနအထောက်အထားများကို ထိခိုက်မှုမရှိစေရ၊

(င) သဘာဝရေအရင်းအမြစ်များဖြစ်သည့် ချောင်း၊ မြောင်း၊ တူးမြောင်း၊ ရေလှောင်တမံနှင့် ရေကန်များ၊ ဆည်နှင့်ဆည်ဘောင်ရိုးများ၊ ရေတံခါးများ၊ ရေနုတ်မြောင်းများ၊ ကျုံးများ ကာကွယ်ထိန်းသိမ်းရန်၊ ရှေးဟောင်းရေမြောင်းနှင့် သဘာဝရေစွမ်းအားစနစ်များကို ထိန်းသိမ်းရန်နှင့် လိုအပ်ပါက ရေကြီး ရေလျှံသည့် သဘာဝဘေးအန္တရာယ်ကို လျှော့ချနိုင်ရေးအတွက် ပြန်လည်ဖော်ထုတ်အသုံးပြုနိုင်ရန်။

၁၁။ ပြည်နယ်ထိန်းသိမ်းရေးကော်မတီသည်မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းဆောင်ရွက်မည့် ပွဲတော်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ကြော်ငြာများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အခြေခံအချက်များ အဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ရာစုနှစ်ပေါင်းများစွာ ကျင်းပလာခဲ့သည့် ရိုးရာပွဲတော်များ၊ စီတန်းလှည့်လည်ပွဲများ၊ ဘုရားပွဲတော် များ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ကျင်းပသည့်ပွဲများကို အားပေးကူညီရန်နှင့် ဆက်လက်ကျင်းပခွင့်ပြုရန်၊

( ခ ) ပုဂ္ဂလိက စီးပွားရေးဆောင်ရွက်မည့်ကိစ္စရပ်များကို အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ခွင့်မပြုရန်နှင့် ပတ်ဝန်းကျင်အနေအထား၊ ပုံသဏ္ဍာန်တို့ကို နှောင့်ယှက်ဖျက်ဆီးမှုမရှိသော နေရာတွင်သာ ခွင့်ပြုရန်၊

( ဂ ) စီးပွားရေးအလို့ငှာ အသုံးပြုသော ကြော်ငြာများ၊ ဆိုင်းဘုတ်များ၊ ပိုစတာများ၊ စာတန်းချိတ်ဆွဲထားမှုများကို ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်း ခွင့်မပြုရန်၊

(ဃ) ကြားခံဒေသအတွင်း သတ်မှတ်သည့်နေရာများ၌ စည်းကမ်းချက်များနှင့်အညီ ကြော်ငြာများကို ခွင့်ပြုရန်။

ဦးကိုကို
ဥက္ကဋ္ဌ
အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ
ကာကွယ်ထိန်းသိမ်းရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၈/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တင်ဒါကော်မတီဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် **ဝန်ကြီးဌာန တင်ဒါကော်မတီ** အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ အောင်ကြီး<br>ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးကျော်မင်းဦး<br>အမြဲတမ်းအတွင်းဝန် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒေါက်တာ ရဲတင့်ထွန်း<br>ညွှန်ကြားရေးမှူးချုပ် | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဗိုလ်ဗိုလ်ကျော်<br>ညွှန်ကြားရေးမှူးချုပ် | ဆည်မြောင်းနှင့် ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးသက်နိုင်ဦး<br>ညွှန်ကြားရေးမှူးချုပ် | လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| ( စ ) | ဦးကျော်ထွန်းအေး<br>ညွှန်ကြားရေးမှူးချုပ် | စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ ရဲထွန်းဝင်း<br>ညွှန်ကြားရေးမှူးချုပ် | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးလှထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များဖြစ်သည့် (၁/၂၀၁၇)၊ (၂/၂၀၁၈)၊ (၃/၂၀၁၈)၊ (၇/၂၀၂၀) နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ (၁/၂၀၂၀) ပါ ညွှန်ကြားချက်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက် (၁/၂၀၂၂) နှင့် ဆန့်ကျင်ကွဲလွဲမှုရှိလျှင် ဤညွှန်ကြားချက်ကိုသာ လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခြင်း ရှိ မရှိကို စိစစ်ရမည်၊

( ခ ) ကျပ်သန်း (၁၀၀) အောက်ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ကျပ်သန်း (၁၀၀) အထက်ဝယ်ယူခြင်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဂ ) ကျပ် (၂၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများ အတွက် ကန့်သတ်မှုမရှိသောတင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းကို လုပ်ထုံးလုပ်နည်းနှင့် ညီ မညီ စိစစ်ရမည်၊

(ဃ) ကျပ် (၂၀) သန်းမှ ကျပ် သန်း (၂၀၀) အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် ဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

( င ) ကျပ်သန်း (၂၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသောတင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာ ထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြေညာနိုင်ရေး ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( စ ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် (၂၀) သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်း အမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဆ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် (၂၀) သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄)ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြေညာ၍ Website တွင် (၁၄) ရက်ကြိုတင် ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဇ) ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) အပိုဒ် (၁၉)၊ အပိုဒ် (၂၀) ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ရမည်၊

(ဈ) ဌာနပိုင်ပုံသေပိုင်ပစ္စည်း ငှားရမ်းခြင်းအတွက် နိုင်ငံတော်သမ္မတရုံး၏ "နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့် ညွှန်ကြားချက် ညွှန်ကြားချက်အမှတ် (၃/၂၀၁၈)" ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ည) ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့် နေ့ရက်မှစ၍ (၂) လထက် မပိုစေရန်နှင့် ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအတွက် တင်ဒါကော်မတီမှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်၊

(ဋ) ဆောင်ရွက်မည့် စီမံကိန်းများပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ရမည်၊

(ဌ) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်စိစစ်ရမည်၊

(ဍ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဎ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကြန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဏ) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန် ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(တ) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ထ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဒ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဓ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(န) "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ပ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေးအစီအစဉ်ရေးဆွဲ အတည်ပြုချက်ရယူခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဖ) တစ်ဦးချင်းအကြံပေးများ ရွေးချယ်ခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဗ ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း ရှိ မရှိ စိစစ်ရမည်၊

(ဘ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်၊

( မ ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ယ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေ သုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း ကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ရ ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်းရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး ဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း ရှိ မရှိ စိစစ်ရမည်၊

(လ) ပြည်ပမှဝယ်ယူခြင်းကို ပြည်တွင်းဈေးကွက်တွင် မရရှိနိုင်ခြင်းနှင့် ပြည်ပမှပစ္စည်းကို ပြည်တွင်းတွင် ရောင်းချသူအဖြစ် ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသော အရောင်းကိုယ်စားလှယ်မရှိခြင်းတို့ အတွက် ပြည်ပမှဝယ်ယူခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂)၊ အပိုဒ် ၃ ပါ တင်ဒါနည်းလမ်းများကို အသုံးပြု၍ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်၊

( ဝ ) တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရန် စိစစ်ကြပ်မတ်ရမည်။

တင်ထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၃၉/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးမှူးကြီးကြပ်ရေးမှူး၊ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးသိန်းနိုင်နှင့် ဦးကျော်သန်း တို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ (ပို့ဆောင်ရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၀/၂၀၂၂)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်ပြီး အငြိမ်းစားယူခွင့်ပြုခဲ့သည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်မူယာရှိန် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၀၊ ၂၃၃ (က) အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်း၏ မူလတာဝန်ဝတ္တရားများကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ ဒေါ်မူယာရှိန် အား သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၄၇/၂၀၂၂) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၁/၂၀၂၂)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်ပြီး အငြိမ်းစားယူခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၀၊ ၂၃၃ (က) အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းတို့၏ မူလတာဝန် ဝတ္တရားများကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | အမည် | ရာထူး၊ လစာနှုန်း | ခွင့်ပြုခဲ့သည့် အမိန့်အမှတ်၊ ရက်စွဲ |
|---|---|---|---|
| (က) | ဦးကျော်စိုး | ဒုတိယညွှန်ကြားရေးမှူးချုပ် (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) | ၃၅၁/၂၀၂၁ (၂၅-၁၀-၂၀၂၁) |
| (ခ) | ဦးလှထွေး | အင်ဂျင်နီယာမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ၂၁၅/၂၀၂၁ (၁၅-၇-၂၀၂၁) |
| (ဂ) | ဦးမျိုးသန့် | လက်ထောက်ညွှန်ကြားရေးမှူး (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ၀၅၁/၂၀၂၂ (၁၁-၂-၂၀၂၂) |

၂။ အဆိုပါ အရာထမ်း (၃) ဦးတို့အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုခဲ့သည့် ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အမိန့်ကြော်ငြာစာများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၄/၂၀၂၂)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်ပြီး အငြိမ်းစားယူခွင့်ပြုခဲ့သည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမိုးမြင့် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ်

ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၀၊ ၂၃၃ (က) အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်း၏ မူလတာဝန်ဝတ္တရားများကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ ဦးမိုးမြင့် အား သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄၀/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၇/၂၀၂၂)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်/ငြင်းပယ်ခွင့်နှင့် အငြိမ်းစားယူခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါအရာထမ်း (၄) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၀၊ ၂၃၃ (က) အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းတို့၏ မူလတာဝန်ဝတ္တရားများကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | အမည် | ရာထူး၊ လစာနှုန်း | ခွင့်ပြုခဲ့သည့် အမိန့်အမှတ်၊ ရက်စွဲ |
|---|---|---|---|
| (က) | ဦးနီအောင် | ဦးဆောင်ညွှန်ကြားရေးမှူး (၅၅၀,၀၀၀) | ၄၄၇/၂၀၂၁ (၂၀-၁၂-၂၀၂၁) |
| (ခ) | ဦးနိုင်တိုး | ရေကြောင်းပြမှူးကြီး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) | ၀၇၅/၂၀၂၂ (၂၄-၂-၂၀၂၂) |
| (ဂ) | ဦးစံသိန်း | ဒုတိယအင်ဂျင်နီယာချုပ် (မြို့ပြ) (သောင်တူး) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ၀၇၄/၂၀၂၂ (၂၄-၂-၂၀၂၂) |
| (ဃ) | ဒေါ်ဝင်းမာခင် | မန်နေဂျာ (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ၁၁၃/၂၀၂၂ (၁၈-၃-၂၀၂၂) |

၂။ အဆိုပါ အရာထမ်း (၄) ဦးတို့အား ဤဝန်ကြီးရုံးမှ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့သည့် ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အမိန့်ကြော်ငြာစာများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၈/၂၀၂၂)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်/ငြင်းပယ်ခွင့်နှင့် အငြိမ်းစားယူခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါအရာထမ်း (၇) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၀၊ ၂၃၃ (က) အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းတို့၏ မူလတာဝန်ဝတ္တရားများကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | အမည် | ရာထူး၊ လစာနှုန်း | ခွင့်ပြုခဲ့သည့် အမိန့်အမှတ်၊ ရက်စွဲ |
|---|---|---|---|
| (က) | ဦးမင်းဇော် | ရေကြောင်းပြမှူးကြီး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) | ၃၄၀/၂၀၂၁ (၁၁-၁၀-၂၀၂၁) |

| စဉ် | အမည် | ရာထူး၊ လစာနှုန်း | ခွင့်ပြုခဲ့သည့် အမိန့်အမှတ်၊ ရက်စွဲ |
|---|---|---|---|
| ( ခ ) | ဦးတိုးသန်း | မန်နေဂျာ (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ၃၉၀/၂၀၂၁ (၂၃-၁၁-၂၀၂၁) |
| ( ဂ ) | ဦးဘုန်းမြင့်လွင် | မန်နေဂျာ (သင်္ဘောကျင်း) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ၃၉၁/၂၀၂၁ (၂၃-၁၁-၂၀၂၁) |
| (ဃ) | ဦးကျော်ဌေးဝင်း | လ/ထမန်နေဂျာ (မီးပြကိရိယာ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ၃၀၅/၂၀၂၁ (၁၇-၉-၂၀၂၁) |
| ( င ) | ဦးမင်းအောင် | လ/ထမန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ၂၄၆/၂၀၂၁ (၁၉-၈-၂၀၂၁) |
| ( စ ) | ဦးသန်းဝေ | လ/ထဆိပ်ကမ်းအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ၂၇၆/၂၀၂၁ (၃-၉-၂၀၂၁) |
| (ဆ) | ဦးဝင်းမြင့် | လ/ထအင်ဂျင်နီယာ (မြို့ပြ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ၂၄၇/၂၀၂၁ (၁၉-၈-၂၀၂၁) |

၂။ အဆိုပါ အရာထမ်း (၇) ဦးတို့အား ဤဝန်ကြီးရုံးမှ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့သည့် ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အမိန့်ကြော်ငြာစာများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၉/၂၀၂၂)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်ပြီး အငြိမ်းစားယူခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါအရာထမ်း (၄) ဦးတို့အား ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၀၊ ၂၃၃ (က) အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းတို့၏ မူလတာဝန်ဝတ္တရားများကို ဆက်လက်တာဝန် ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | အမည် | ရာထူး၊ လစာနှုန်း | ခွင့်ပြုခဲ့သည့် အမိန့်အမှတ်၊ ရက်စွဲ |
|---|---|---|---|
| (က) | ဦးတင်မြင့် | ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) | ၀၂၃/၂၀၂၂ (၁၀-၁-၂၀၂၂) |
| ( ခ ) | ဒေါ်ကြည်ကြည်နွယ် | ဒုတိယအထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) | ၃၉၂/၂၀၂၁ (၂၃-၁၁-၂၀၂၁) |
| ( ဂ ) | ဦးတင်ဝင်းကြည် | အင်ဂျင်နီယာမှူး (လျှပ်စစ်) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ၁၁၆/၂၀၂၂ (၁၈-၃-၂၀၂၂) |
| (ဃ) | ဦးသိန်းဆွေ | လက်ထောက်အင်ဂျင်နီယာ (စက်မှု) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ၄၄၈/၂၀၂၁ (၂၀-၁၂-၂၀၂၁) |

၂။ အဆိုပါ အရာထမ်း (၄) ဦးတို့အား ဤဝန်ကြီးရုံးမှ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့သည့် ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အမိန့်ကြော်ငြာစာများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၅၃/၂၀၂၂)

၁။　ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်ပြီး အငြိမ်းစားယူခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါအရာထမ်း (၂) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၀၊ ၂၃၃ (က) အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းတို့၏ မူလတာဝန်ဝတ္တရားများကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | အမည် | ရာထူး၊ လစာနှုန်း | ခွင့်ပြုခဲ့သည့် အမိန့်အမှတ်၊ ရက်စွဲ |
|---|---|---|---|
| (က) | ဦးငွေအောင် | ဦးဆောင်ညွှန်ကြားရေးမှူး (၅၅၀,၀၀၀) | ၀၁၃/၂၀၂၂ (၁၀-၁-၂၀၂၂) |
| (ခ) | ဒေါ်မြင့်မြင့်သန်း | မန်နေဂျာ (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ၀၅၉/၂၀၂၂ (၁၁-၂-၂၀၂၂) |

၂။　အဆိုပါ အရာထမ်း (၂) ဦးတို့အား ဤဝန်ကြီးရုံးမှ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့သည့် ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အမိန့်ကြော်ငြာစာများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၅၄/၂၀၂၂)

၁။　ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်နှင့် အငြိမ်းစားယူခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါအရာထမ်း (၄) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၀၊ ၂၃၃ (က) အရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းတို့၏ မူလတာဝန်ဝတ္တရားများကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်-

| စဉ် | အမည် | ရာထူး၊ လစာနှုန်း | ခွင့်ပြုခဲ့သည့် အမိန့်အမှတ်၊ ရက်စွဲ |
|---|---|---|---|
| (က) | ဦးသိန်းမြင့် | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) | ၁၁၉/၂၀၂၂ (၁၈-၃-၂၀၂၂) |
| (ခ) | ဒေါ်စန်းစန်းဝင်း | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ၁၂၀/၂၀၂၂ (၁၈-၃-၂၀၂၂) |
| (ဂ) | ဦးသန်းဖေ | လက်ထောက်ရေကြောင်းဌာနမှူးချုပ် (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ၃၀၇/၂၀၂၁ (၁၇-၉-၂၀၂၁) |
| (ဃ) | ဒေါ်တီတီမြင့် | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | ၄၀၀/၂၀၂၂ (၂၃-၁၁-၂၀၂၁) |

